# တကယ့်ခွေး

လူတစ်ယောက်က သူ့ခွေး လိမ္မာကြောင်းကို အာပေါင်အာရင်းသန်သန်နှင့် ချီးမွမ်းခန်းဖွင့်နေသည်။

"ကျုပ်ခွေး လိမ္မာချက်ကတော့ဗျာ၊ ဘယ်ခွေးမှ ကျုပ်ခွေးကို မီနိုင်မယ် မထင်ဘူး…"

"ဟုတ်လား… ဘယ်လို ထူးခြားတဲ့စွမ်းရည်ရှိလို့လဲ…"

"ထူးခြားဆို… မနက်စောစော အိမ်ကနေ ကြိုးဖြည်ပြီး ခြံအပြင်ကို လွှတ်ပေးလိုက်ရော။ အဲ… ပြန်လာတာနဲ့ ကျုပ်ဖတ်ဖို့ သတင်းစာတစ်စောင်ကို ကိုက်ချီယူလာခဲ့ပြီးသား…"

"ဒါများ ဘာဆန်းလို့လဲဗျာ…"

"ဆန်းတာပေါ့… ကျုပ်မှ လပေးသတင်းစာ မယူတာလေ"

"အယ်…"

✤